ကျွဲရိုက်ကျေးရွာ

မြင်းမူမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျွဲရိုက်ကျေးရွာ၊ မြင်းမူမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်

မာတိကာ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီအနေအထား
၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ
၃။ **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**
၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ
၅။ **အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**
၆။ ပညာရေး
၇။ ကျန်းမာရေး
၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
၉။ ကျား – မ ရေးရာ
၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲ
ဖွံ့ဖြိုးရေးဗျူဟာ တည်မှုဆိုင်မှုဆိုင်ရာအခြေပြဖယား

၁။ တည်နေရာနှင့် ပထဝီအနေအထား

အိမ်ထောင်စုပေါင်း(၁၇၅) စုနှင့် ကျား (၂၆၁)၊ မ(၃၃၃) ဦးဖြင့် လူဦးရေပေါင်း (၅၉၄)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၃)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ် ထောင်ပျမ်းမျှနှုန်း (၅)ဦး ထက်လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင် သည့်အရွယ်သည် ကျေးရွာရှိ လူဦးရေအားလုံးတို့၏ ၇၇.၄% ရှိပါ သည်။

ကျွဲရိုက်ကျေးရွာသည် မြင်းမူမြို့၏ အနောက်တောင်ဘက်တွင်တည်ရှိပါသည်။ ဧရာဝတီမြစ်ဘေးတွင် တည်ရှိပြီး မြေပြန့်လွင်ပြင်ဖြစ်ပါသည်။ အနောက်ဘက်တွင် သာယာ ပေါင်းကျေးရွာ၊ အုန်းပင်ကျေးရွာ၊ အရှေ့ဘက်တွင် ဆပွန်းကုန်းကျေးရွာတို့ရှိပါသည်။ အဓိက သက်မွေးလုပ်ငန်းမှာ စိုက်ပျိုးရေးကိုလုပ်ကိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး လယ်မြေ၊ ယာမြေနှင့် ဥယျာဉ်ခြံမြေများဖြစ်ပြီး မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်ပါသည်။ ကျွန်တော်တို့ကျေးရွာတွင် ဧရာဝတီမြစ်နှင့် အဝီစိတွင်းများမှ စိုက်ပျိုးရေရရှိစိုက်ပျိုးနိုင်ပါ သည်။ မိုးရေချိန် လက်မ ၄၀သာရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း (၃) ဖွဲ့ရှိပါသည်။ ဝိသာခပရဟိတအဖွဲ့၊ ရပ်မိ ရပ်ဖအဖွဲ့၊ လူငယ်အဖွဲ့တို့ဖြစ်ကြပါသည်။ ကျေးရွာသူ/သားများအားလုံး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေ အနေအထား မှာ သာမာန်အားဖြင့် အသင့်တင့်ကောင်းမွန်သည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၄၀%သည် ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုအဖြစ်

သတ်မှတ်ကြပြီး (၄၀%) သည် အလယ်အလတ်အဆင့်၊ (၂၀%) သည် ချမ်းသာအဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်မြေက (၁၁၈)ဧက၊ ယာမြေက (၂၁၉)ဧက၊ ဥယျာဉ်ခြံမြေ (၂၉)ဧကရှိပြီး၊ မြေဆီလွှာမှာ ယေဘုယျအားဖြင့် အသင့်အတင့် ရှိပါသည်။

ကျေးရွာတွင် အဓိကအားဖြင့် စပါး၊ မြေပဲ၊ နှမ်း၊ ငရုတ်၊ ခရမ်းချဉ်တို့ကို စိုက်ပျိုးကြပါသည်။ ပျမ်းမျှအားဖြင့် အထွက်နှုန်းအသင့်အတင့်ရှိပါသည်။ တစ်ချို့အိမ်ထောင်စုများမှာ သရက်နှင့် ငှက်ပျောများ စိုက်ပျိုးကြပါသည်။ စပါးတစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ (၆၀)တင်း ထွက်ရှိပါသည်။ လယ်ယာသုံးကိရိယာအသုံးပြုမှုအနေဖြင့် ရေစုပ်စက် (၉)လုံး ရှိပါသည်။ ကျေးရွာတွင် လယ်ထွန်စက် အပိုင်မရှိသည့်အတွက် ငှားရမ်းထွန်ယက်ကြရာတွင် ထွန်စက်အကြီးမှာ တစ်ဧကလျှင် ၂၀၀၀၀/-ကျပ် ပေးရကာ ငှားရမ်းခစျေးနှုန်းမြင့်မားခြင်းနှင့် ရင်ဆိုင်နေရပါသည်။

ကျေးရွာတောင်သူများသည် အတိုးနှုန်း (၇၀)ပြားနှုန်းဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် တစ်ဧကလျှင် တစ်သိန်းခွဲကျပ်နှုန်းဖြင့် ချေးယူနိုင်ကြပါသည်။ မွေးမြူရေးအနေဖြင့် တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ နွားနှင့် နို့စားနွားများကို အဓိကအားဖြင့် လယ်ယာသုံးလုပ်ငန်းတွင်အသုံးပြုကြပြီး ဆိတ်၊ သိုး၊ ဝက်နှင့် ကြက်များကို အပိုဝင်ငွေရရှိ ရန်မွေးမြူကြပါသည်။

အိမ်ထောင်စုအချို့မှာလည်း ကျပန်းလက်လုပ်လက်စား၊ လက်သမား၊ ပန်းရံ၊ အိမ်စျေးဆိုင်စသော အသေးစားအိမ်တွင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြပါသည်။ အစိုးရဝန်ထမ်းနှင့် လခစားဝန်ထမ်းလုပ်သည့် အိမ်ထောင်စုနည်းပါးပါသည်။ ကျေးရွာ၏ အိမ်ထောင်စုအများစုမှာ တခြားဒေသများသို့ ပြောင်းရွှေ့လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် တောင်သူများမှာ စိုက်ပျိုးရေးအသိပညာနည်းပါးကြသည့်အတွက် လယ်သမားများသည် မိမိတို့ သင့်တော်သလို ဆောင်ရွက်ကြသဖြင် မြေဆီလွှာပျက်စီးမှုများဖြစ်ပေါ်နေပါသည်။

၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ကျေးရွာချင်းဆက်လမ်း ကျွဲရိုက်-အလွကပွလမ်းနှင့် ကျွဲရိုက်-မြင်းမူ ကျေးရွာချင်းဆက်လမ်းမှာ မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် သွားလာရခက်ခဲပါသည်။ ကုန်သွယ်မှုနှင့်

လမ်းပန်းဆက်သွယ်မှုဆောက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် (၁၂၀)စီး၊ စက်ဘီး (၄၈)စီး၊ ထော်လာကျီ (၂)စီး၊ နွားလှည်း (၁၁၅)စီးတို့ကို အသုံးပြုနေကြပါသည်။ ကျေးရွာ တွင် လျှပ်စစ်မီးမှာ ရွာတွင်းလိုင်း 0.4KV လိုင်းသွယ်တန်းထားရှိပြီးဖြစ်သော်လည်း လျှပ်စစ်မီးမရရှိသေးပါ။ လတ်တလောတွင် ဆိုလာမီး (၉၀)အိမ်၊ အခြားမီး (၇၃)အိမ်အသုံး ပြုနေကြပါသည်။ တယ်လီဖုန်းဆက်သွယ်မှုမှာလည်းကောင်းမွန်ပါသည်။ အိမ်တိုင်းနီးပါး လက်ကိုင်ဖုန်းအသုံးပြုနိုင်ကြပါသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီး သတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်ပါ သည်။ ကျေးရွာတွင် စာကြည့်တိုက်မရှိသေးသည့်အတွက် ကျေးရွာသူ/သားများမှာ စာဖတ် သည့်အလေ့အထနည်းပါးပါသည်။

၆။ ပညာရေး

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်မြင့်မားကြောင်း တွေ့ရှိရ သည်။ ရွာသားအများစုသည် အခြေခံ အရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး၊ စာမတတ် သူရာခိုင်နှုန်းသည် မရှိသလောက်နည်းပါးပါသည်။ လူဦးရေ၏ (၉၀)% ကျော် သည် အခြေခံပညာမူလတန်းပညာပြီးမြောက်သူများဖြစ်ပါသည်။ ကျေးရွာတွင် မူလတန်း ကျောင်းအဆင့်သာရှိပြီး ဆရာ/ဆရာမ အစိုးရခန့် ၅ ဦးရှိပါသည်။ ကျောင်းသားဦးရေ နှင့်တွက်ဆလျှင် လုံလောက်ပါသည်။ မူလတန်းကျောင်းတွင် အုတ်နံကပ်ဆောက်လုပ် ထား သောကျောင်းဆောင်ရှိပါသည်။ သွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေအခင်းအကျင်းဆောင်ထဲ တွင် သင်ကြားပါသည်။ ရွာတွင် နေထိုင်သင်ကြားသော ဆရာဆရာမများနှင့် ရွာနီးချင်း ဆရာမများရှိသည့်အတွက် ကျောင်းတွင်နေထိုင်မှုမရှိပါ။ အလယ်တန်းနှင့် အထက်တန်း ပညာရေးကို အလွှကပ္ပကျေးရွာသို့ သွားရောက်ပညာသင်ကြားရပါသည်။ အထက်တန်းနှင့် တက္ကသိုလ်ပညာရေးတတ်မြောက်မှုသည် လျော့နည်းပါသည်။ ကျောင်းသားအများစုမှာ မူလတန်းနှင့်အလယ်တန်းပညာ တက်ရောက်ပြီးလျှင် ကျောင်းထွက်ပြီး မိသားစုလုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်ကြပါသည်။

၇။ ကျန်းမာရေး

ကျေးရွာတွင် အသင့်အတင့်အဖြစ်များသော ရောဂါများမှာ ဝမ်းပျက် ဝမ်းလျော၊ ဆီးချို၊ တီဘီနှင့် ရာသီကူးပြောင်းချိန်တွင် ဖြစ်တတ်သော နှာစေးချောင်းဆိုးလောက်သာ ဖြစ်ပွားကြပါသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များအား ကာကွယ်ဆေးထိုးချိန်တွင် ပုံမှန်လာရောက်ထိုးနှံပေးပါသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာမှ (၂)မိုင်ခန့်ဝေးကွာသော အလွှာကပွကျေးရွာတွင် ရရှိနိုင်ကြပြီး မိုးတွင်းကာလနှင့် ဧရာဝတီမြစ်ရေကြီးချိန်တို့တွင် သွားလာရခက်ခဲမှုရှိသဖြင့် ကျေးလက်ဆေးပေးခန်းလိုအပ်မှုမှာ အဓိကလိုအပ်ချက်ဖြစ်ပါသည်။ ကျေးရွာတွင် လက်နှိပ်တုံကင်များမှ မြေအောက်ရေကို အလွယ်တကူလုံလောက်စွာရရှိပါသည်။ တစ်ရွာလုံးယင်လုံအိမ်သာသုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားသော ရောဂါဖြစ်ပွားမှုများနည်းပါးပါသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းယင်လုံအိမ်သာမှာ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသူကျောင်းသားများအတွက် အသုံးပြုရန် လွယ်ကူပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာသည် သဘာဝဘေးအန္တရာယ်ကျရောက်မှုအခြေအနေသည် အများအားဖြင့် ဧရာဝတီမြစ်ရေတက်ချိန်တွင် ကျေးရွာရှိစိုက်ပျိုးလယ်ယာမြေများ နှစ်စဉ်ပျက်စီးဆုံးရှုံးမှုများရှိပါသည်။ ရေကြီးချိန်တွင် အလုပ်အကိုင်ရှားပါးပြီး မြေယာမဲ့တောင်သူများနှင့် လက်လုပ်လက်စားများ အလုပ်အကိုင်ရှားပါးပြီး ဝင်ငွေနည်းပါးခြင်းများ ကြုံတွေ့ရပါသည်။

၉။ ကျား – မ ရေးရာ

ကျေးရွာတွင် ကျား/မဆိုင်ရာဆက်နွယ်မှုအနေအထားမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင် အမျိုးသား/အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်ရေးတူညီစွာရရှိသည်ဟု သုံးသပ်နိုင်ပါသည်။ အုပ်ချုပ်ရေးအသင်းအဖွဲ့များတွင် အမျိုးသမီးပါဝင်မှု အားနည်းသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးပါဝင်မှုအသင့်အတင့်ရှိပါသည်။

၁၀။ ကျေးရွာမှရွေးချယ်ထားသော ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဦးစားပေးစီမံချက်	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦ	ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း	၁
၂	အခြေခံအဆောက်အဦ	ရေစင်တည်ဆောက်ခြင်း	၂
၃	ကျန်းမာရေး	ဆေးပေးခန်းဆောက်လုပ်ခြင်း	၃
၄	လူငယ်	စာကြည့်တိုက်ဆောက်လုပ်ခြင်း	၄
၅	ပညာရေး	စာသင်ကျောင်းဆောင် တိုးချဲ့ဆောက်လုပ်ခြင်း	၅